# ပါတီဝင်အားလုံးသို့ သတင်းပေးရင်းဆော်သြချက်

## (၄ – ၈ – ၂၀၁၀)

(၁) ‘၂၀၀၈ အခြေခံဥပဒေ’ အသက်ဝင်တဲ့နေ့ကစပြီး ‘အရေးတော်ပုံဂျာနယ်’ ကို ထုတ်ဝေပါမယ်။

(၂) ‘၂၀၀၈ အခြေခံဥပဒေ’ တိုက်ဖျက်ရေးအတွက် ဝါဒဖြန့်ချိရေးတာဝန်၊ လှုံ့ဆော်ရေးတာဝန်နဲ့ ပြည်သူ့အင်အားစည်းရုံးရေးတာဝန်ကို ထမ်းဆောင်ဖို့ ဂျာနယ်ထုတ်ဝေတာပါ။

(၃) ဂျာနယ်ကို ပုံမှန် ရက်မှန်မှန်တော့ ထုတ်ဝေနိုင်မှာ မဟုတ်ပါ။ မြေအောက် ယူ/ဂျီ ပါတီအဖြစ် ရပ်တည်နေရတဲ့ ကာလမှာ အဲဒီလို လုပ်ဖို့ မလွယ်ပါ။ ဒါပေမဲ့ သိပ်ပြီး ရက်မခြားဘဲ ထုတ်ဝေဖို့ ကြိုးစားပါမယ်။

(၄) ဂျာနယ်တစောင်ရဲ့ ဂုဏ်အင်္ဂါနဲ့ ကိုက်ညီစေဖို့ ကဏ္ဍပေါင်းစုံပါအောင် ကြိုးစားပါမယ်။ ရဲဘော်တို့ထံမှ စာမူများ ပုံမှန်ရရင် ပုံမှန်ထုတ်ဝေနိုင်မှာပါ။ ရေးကြစေချင်ပါတယ်။

(၅) ‘အရေးတော်ပုံဂျာနယ်’ ထုတ်ဝေစဉ်ကာလမှာ ထုတ်နေကျ ‘၂၁ စာစဉ်’ ကို ရပ်ထားပါမယ်။ နိုင်ငံတကာ့ရေးရာကို ဂျာနယ်က ဖော်ပြတော့မှာမို့ပါ။

(၆) ‘ပြည်သူ့အာဏာ’ ကိုတော့ ဗဟိုရဲ့ သဘောတရားရေးစာစဉ်အဖြစ် အခါအားလျော်စွာ ထုတ်ဝေပါမယ်။

ဗကပ (ဗဟိုဌာနချုပ်)

၂၀၁၀၊ ဩဂုတ်လ (၄) ရက်။